လင်းယုန်မောင်မောင်

# စုံထောက်ဆရာဝန်

(ဒုတိယတွဲ)



## မြန်မာပြန်သူ၏ အမှာ

မကြာမီက ကျွန်တော်သည် 'စုံထောက်ဆရာဝန်' ဟူသောအမည်ဖြင့် မြန်မာပြန် စာအုပ်တစ်အုပ် ရေးသားထုတ်ဝေခဲ့ပါသည် ။ ထိုစာအုပ်မှာ GREAT DETECTIVE STORIES ABOUT DOCTORS အမည်ရှိ စာအုပ်တွင် ပါဝင်သော စုံထောက်ဝတ္ထုတို ၁၇ ပုဒ်အနက်မှ ၈ပုဒ်ကို မြန်မာပြန်ဆိုခဲ့ခြင်း ဖြစ်ပါသည် ။ ကျန်ဝတ္ထုများမှာ 'စုံထောက်ဆရာဝန်(၂)' ဟူသော အမည်ဖြင့် ဆက်လက် ပြန်ဆို ထုတ်ဝေသွားမည် ဖြစ်ကြောင်း ထိုစာအုပ်တွင် ကျွန်တော် အမှာ စာရေးခဲ့ပါသည် ။

သို့ဖြစ်ရာ ယခု ဤစုံထောက် ဆရာဝန်(၂)သည် အထက်ဖော်ပြပါ အမှာစာအရ မူရင်းစာအုပ်မှ ကျန်ရှိနေသော စုံထောက်ဆရာဝန်ဝတ္ထုတိုများကို ဆက်လက် ပြန်ဆို ထုတ်ဝေလိုက်ခြင်းပင် ဖြစ်ပါသည် ။ သို့သော် အဆိုပါ မူရင်းစာအုပ်တွင် ဝတ္ထုတိုပေါင်း ၉ပုဒ်ကျန်ရှိနေသော်လည်း ယခုစာအုပ်တွင် ၆ပုဒ်သာလျှင် ပြန်ဆို ဖော်ပြလိုက်ပါသည် ။ ဤသည် မှာ ကျန်ရှိနေသော ဝတ္ထု၃ပုဒ်သည် မြန်မာစာဖတ်ပရိတ်သတ်များ နှင့် မသင့်တော်ဟု ယူဆမိသောကြောင့် ဖြစ်ပါသည် ။

ယခု စုံထောက်ဆရာဝန်(၂)တွင် ပါဝင်သည့် ဝတ္ထုများ နှင့် ပတ်သက်၍ မြန်မာပြန်သူ တစ်ယောက်၏ ထိတွေ့ခံစားချက်များကို

ဤအမှာ စာတွင် အကျဉ်းချုံး၍ ဖော်ပြလိုက်ပါသည် ။

ရှေးဦးစွာ 'စကားပြောသော မျက်လုံးတစ်လုံး' ဝတ္ထုမှာ ယခင်စုံထောက်ဆရာဝန်စာအုပ်တွင် ပါရှိခဲ့သည့် 'စကားပြောသော ခေါင်းပြတ်ကြီး' ဝတ္ထုကဲ့သို့ ခန္ဓာဗေဒခွဲစိတ်ကုသမှုကို အခြေခံကာ အမြင်အာရုံနှင့် စပ်လျဉ်း၍ စဉ်းစားတွေးတောဖွယ်ရာ ဝတ္ထုတိုတစ်ပုဒ်ပင် ဖြစ်ပါတော့သည် ။

ဒုတိယ ဝတ္ထုတိုဖြစ်သော 'လူသတ်သမား ၁၅ယောက်၏ ထူးကဲသော စေတနာ'မှာ အလွန် စိတ်ကူးကောင်းသလောက် စိတ်ဝင်စားဖွယ်ကောင်းလှသည့် ဝတ္ထုပင် ဖြစ်ပါသည် ။ 'မမှားသော ရှေ့နေ မသေသော ဆေးသမား' ဟူသည့် မြန်မာတို့ ဆိုးရိုးစကားအရ ဆရာဝန်တိုင်းလိုလို မိမိတို့ ၏ ခွဲစိတ်ကုသမှုအောက်တွင် အကြောင်းအမျိုးမျိုးကြောင့် ဝေဒနာရှင်လူနာများ မတော်တဆ (အနည်းဆုံး တစ်ယောက်ပင် ဖြစ်စေ) အသက်ဆုံးရှုံးခဲ့ကြရဖူးသည် ဖြစ်ရာ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့တော်မှ နာမည်ကျော်ဆရာဝန်ကြီး ၁၅ယောက်တို့ ၏ ထိုသို့သော အတွေ့အကြုံများကို စုစည်းကာ အသားမည်း နီဂရိုးကလေးတစ်ယောက်၏ အသက်ကို ကယ်ဆယ်ခဲ့ကြပုံများမှာ အထူးပင် စိတ်လှုပ်ရှားဖွယ်ရာ ကောင်းလှပါသည် ။

ထို့နောက် 'ခရီးထွက်ရာမှ အမြတ်ထွက်လာသူ' ဝတ္ထုတိုကလေးမှာ အလွန်တရာ ရိုးသားလှသည့် အပျိုကြီး ညီအစ်မနှစ်ယောက်အား လူလိမ်လူရှုပ်တစ်ယောက်က အကောက်ကြံ၍ အသက်ကိုပင် ရန်ရှာနေစဉ် ဆရာဝန်တစ်ဦးက လိမ္မာပါးနပ်စွာ ဝင်ရောက်ဖြေရှင်းလိုက်ရသည့် ဇာတ်လမ်းဖြစ်ပါသည် ။

တစ်ဖန် 'ပုထုဇနော' ဟူ၍ အမည်ပေးထားသော ဝတ္ထုတိုကလေးမှာ လူတစ်ယောက်တွင် သိစိတ်နှင့် မသိစိတ်ဟူ၍ စိတ်နှစ်မျိုး နှစ်စားရှိနေရာမှ မသိစိတ်၏ ဖောက်ပြန်မှုကို အဆန်းတကြယ် ဖန်တီးခြယ်မှုန်းထားသည့် ရသမြောက် ဝတ္ထုဖြစ်သည်။

'မီးခိုးရောင် အမဲလိုက်အင်္ကျီတစ်ထည်'မှာ မုဆိုးလောကတွင် မတော်တဆ သေနတ်မှန်၍ သေဆုံးခဲ့ရသည့် ဖြစ်ရပ်များ မကြာခဏ ဖြစ်လေ့ ဖြစ်ထရှိခဲ့ရာ ထိုသို့သော ဖြစ်ရပ်တစ်ခုကို အကြောင်းပြု၍ ဆရာဝန်တစ်ယောက်က လူသတ်မှုနှင့် လူသတ်တရားခံအား အခိုင်အမာ အတိအကျ ဖော်ထုတ်လိုက်သည် များကို စိတ်ဝင်စားဖွယ်ရာ ဇာတ်လမ်းဖွဲ့ထားခြင်း ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် 'အဖြူရောင် မျက်နှာဖုံးတပ်ထားသော လူသတ်သမား' ဝတ္ထုမှာ ခွဲစိတ်ခန်းမှ ဆရာဝန်များ၊ သူနာပြုများ ၏ နေ့စဉ် တာဝန်ဝတ္တရားများ နှင့် လုပ်ကိုင်လှုပ်ရှားမှုများကို အခွင့်ကောင်းယူကာ လူသတ်မှုတစ်ခုကို ပိုင်ပိုင်နိုင်နိုင် ပိပိရိရိ ကျူးလွန်ခဲ့ရာမှ ဆရာဝန်တစ်ဦး၏ စေ့စပ်သေချာမှုနှင့် ဆက်စပ်တွေးခေါ်မှုတို့ ကြောင့် မငြင်းသာ မကွယ်သာဘဲ အဖမ်းခံခဲ့ရသည့် လူသတ်သမား တစ်ယောက်၏ တုန်လှုပ် ချောက်ချား အသည်းယားဖွယ်ရာ ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါသည်။ (ဤဝတ္ထုနှင့် ဇာတ်အိမ်ဇာတ်ကွက်ချင်း မတူသော်လည်း ဇာတ်လမ်းကြောရိုး ဆင်တူရိုးမှားဖြစ်သော ဆရာဒေါက်တာခင်မောင်ညို၏ ပင်ကိုရေး 'ခွဲစိတ်မှုကား အောင်မြင်ပါသည် ' ဝတ္ထုကို ၁၉၈၂-ခု၊ မေလထုတ် ပေဖူးလွှာ မဂ္ဂဇင်းတွင် အမှတ်တရ ဖတ်ရှုလိုက်ရပါသည်။

ဤနေရာတွင် စာဖတ်သူများအား အလေးအနက် အစီရင်ခံလိုသည့်

အ ချ က် မှာ မူရင်းစာအုပ်၏ အမည်နှင့် အနီးစပ်ဆုံး ခြုံငုံမိစေရန် ဤစာအုပ်ကို စုံထောက်ဆရာဝန်(၂) ဟူ၍ အမည်ပေးလိုက်ရသော်လည်း အမှန်စင်စစ် ဤစာအုပ်သည် ဆရာဝန်များ ၏ ရောဂါရှာဖွေကုသရေးနှင့် ကုထုံးကုနည်းဆိုင်ရာ ဆေးပညာပေး စာအုပ်မဟုတ်ကြောင်း ရိုးသားစွာ ဝန်ခံလိုပါသည် ။ အထူးသဖြင့် ဤစာအုပ်ပါ ဝတ္ထုတိုများ သည် ဆရာဝန်ဇာတ်ကောင်များ ပါဝင်နေခဲ့သည် မှ အပ ရှားလော့ဟု မ်း (စုံထောက်မောင်စံရှား) များကဲ့သို့ အကျိုးအကြောင်း ဆက်စပ်တွေးခေါ်မှု ယုတ္တိဗေဒကို အလေးထား၍ ရေးသားခဲ့သည့် စုံထောက်ဝတ္ထုများ သာလျှင် ဖြစ်ကြောင်း ဖော်ပြလိုက်ပါသည် ။

မည်သို့ပင်ဖြစ်စေ ဤစာအုပ်တွင် မရှောင်မလွှဲသာ ပါဝင်နေသော ဆေးဘက်ဆိုင်ရာ အခေါ်အဝေါ် အသုံးအနှုန်းဝေါဟာရများကို မြန်မာပြန်ဆိုရာ၌ အဘက်ဘက်မှ ကူညီခဲ့ကြသော ဒေါက်တာ မောင်မောင်ညို၊ ဒေါက်တာ အုန်းမောင်၊ ဒေါက်တာ အောင်ခင်ဆင့်၊ ဒေါက်တာ တင်ထွန်းဦး စသော ဆရာဝန်များ နှင့် တကွ ဤစာအုပ်ကို ဖျာပုံမြို့သို့ သွားရောက် ရေးသားပြုစုခဲ့စဉ်က အစစအရာရာ ကူညီစောင့်ရှောက်ခဲ့ကြသော ဦးကျော်လှ (အောက်ကွင်းကြီးရွာ၊ မြန်မာညွှန့်ဆန်စက်)၊ ဆရာ ဦးမြင့်လှိုင် (အထက ၁ ဖျာပုံ)နှင့် အောက်ကွင်းကြီးကျေးရွာမှ မိတ်ဆွေ အပေါင်းအသင်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း အမှတ်တရ ဖော်ပြအပ်ပါသည် ။

**လင်းယုန်မောင်မောင်**

(၁၄- ဇူလိုင်၊ ၁၉၈၂)

* * *